# မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ -၂၀၁၇ ခုနှစ် အကျဉ်းချုပ်

OCHA



မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာရန်ပုံငွေ (MHF) သည် မြန်မာနိုင်ငံရှိ လူသားချင်း စာနာမှုဆိုင်ရာ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် မိတ်ဖက်အဖွဲ့အစည်းများအား ရန်ပုံငွေပံ့ပိုးပေးပါသည်။ ၂၀၁၇ ခုနှစ်တွင် လူဦးရေ ၄၄၃,၃၀၀ကို ဦးတည်သော စီမံချက်ပေါင်း ၂၅ ခုအတွက် အမေရိကန်ဒေါ်လာ ၉.၈ သန်းပံ့ပိုးပေးနိုင်ခဲ့ပါသည်။ အဆိုပါ ဦးတည်လူဦးရေတွင် ၅၄% မှာ အမျိုးသမီးနှင့် မိန်းကလေးငယ်များဖြစ်ပြီး၊ ၄၉% မှာ အသက်၁၈နှစ်အောက် ကလေးလူငယ်များဖြစ်ကြပါသည်။ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ဘေးဒုက္ခများကို တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ပြည်တွင်းနှင့် နိုင်ငံတကာမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအား ရန်ပုံငွေပံ့ပိုးခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးစီမံကိန်း၏ ဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ပံ့ပိုးခြင်းနှင့် ရခိုင်ပြည်နယ်တွင် ဆိုင်ကလုန်းမိုရာတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအားပံ့ပိုးခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ ရန်ပုံငွေများပံ့ပိုးရာတွင် လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်ဆောင်ရွက်ရေးစီမံကိန်းမှ ချမှတ် ထားသော မဟာဗျူဟာ ဦးတည်ချက်များ၊ အခြေအနေလေ့လာဆန်းစစ်မှုများနှင့် လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများအတိုင်း နေရပ် စွန့်ခွာတိမ်းရှောင်ရသူများနှင့် လက်ခံလူထုအသိုင်းအဝိုင်း နှစ်ဘက်လုံးအား ဦးတည်ပံ့ပိုးပေးပါသည်။

## ရန်ပုံငွေ စုစုပေါင်း (အမေရိကန်ဒေါ်လာ)

**၉.၈ သန်း***

*၂၀၁၆ခုနှစ် လက်ကျန် ရန်ပုံငွေမှ ဒေါ်လာ ၂.၂ သန်း ပါဝင်သည်။




ကဏ္ဍ ၇ ခု

**ရန်ပုံငွေ ပံ့ပိုးရာတွင် မိတ်ဖက်အဖွဲ့များသို့ တိုက်ရိုက်ပံ့ပိုးမှုအပြင်၊ မိတ်ဖက်အဖွဲ့အချင်းချင်း ထပ်ဆင့်ပံ့ပိုးမှုများလည်းပါဝင်သည်။

### ၂၀၁၇ ခုနှစ်တွင် အလှူရှင်နိုင်ငံများမှ ရန်ပုံငွေထည့်ဝင်မှု (အမေရိကန်ဒေါ်လာ သန်းပေါင်း)

| | |
|---|---|
| ယူကေ | ၃.၂ |
| သြစတြေးလျ | ၂.၃ |
| ဆွီဒင် | ၁.၂ |
| ကနေဒါ | ၀.၄ |
| လူဇင်ဘတ် | ၀.၃ |
| ဆွစ်ဇာလန် | ၀.၂ |

**၇.၆ သန်း**

ရန်ပုံငွေ ထည့်ဝင်မှု စုစုပေါင်း

## # ဦးတည်လူဦးရေ

**၄၄၃,၃၀၀**




### ကဏ္ဍအလိုက် ရန်ပုံငွေ ပံ့ပိုးမှု (အမေရိကန်ဒေါ်လာ ထောင်ပေါင်း)

| ကဏ္ဍ | ရန်ပုံငွေ | # ကဏ္ဍအလိုက် စီမံချက်များ*** |
|---|---|---|
| ကာကွယ်စောင့်ရှောက်ရေး | ၂,၀၅၈ | ၈ |
| ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး | ၁,၈၄၂ | ၈ |
| အမိုးအကာ/ ကယ်ဆယ်ရေးပစ္စည်း | ၁,၅၂၄ | ၇ |
| ပညာရေး | ၁,၃၄၂ | ၆ |
| စားနပ်ရိက္ခာဖူလုံရေး | ၁,၁၂၂ | ၄ |
| ကျန်းမာရေး | ၉၆၄ | ၅ |
| အာဟာရ | ၉၄၃ | ၃ |

*** စီမံချက် ၁၀ ခုမှာ ကဏ္ဍစုံပါဝင်သော စီမံချက်များဖြစ်သည်။

### ဒေသအလိုက် ရန်ပုံငွေ ပံ့ပိုးမှု




### ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ ပံ့ပိုးမှု ကာလအပိုင်းအခြား (အမေရိကန်ဒေါ်လာ)

- မတ် — **၂.၆ သန်း** — ရခိုင်၊ ကချင် နှင့် ရှမ်းရှိ စီမံချက်များအတွက် လျာထားရန်ပုံငွေမှ ပထမအကြိမ်ပံ့ပိုးမှု
- ဇူလိုင် — **၀.၄ သန်း** — ရခိုင်ပြည်နယ် ဆိုင်ကလုန်း မိုရာ တုံ့ပြန်ဆောင်ရွက်ရေးအတွက် လျာထားရန်ပုံငွေမှ ဒုတိယအကြိမ်ပံ့ပိုးမှု
- သြဂုတ် — **၄.၂ သန်း** — ကချင်နှင့် ရှမ်းရှိ စီမံချက်များအတွက် ပုံမှန်ရန်ပုံငွေမှ ပထမအကြိမ်ပံ့ပိုးမှု
- အောက်တိုဘာ — **၂.၆ သန်း** — ရခိုင်ရှိ စီမံချက်များအတွက် ပုံမှန်ရန်ပုံငွေမှ ဒုတိယအကြိမ်ပံ့ပိုးမှု

၂၀၁၇

ထုတ်ဝေသည့်နေ့စွဲ - ၂၀၁၇ ဒီဇင်ဘာ ၁၂ သတင်းအရင်းအမြစ် - OCHA ဆက်သွယ်ရန် - mhf-myanmar@un.org gms.unocha.org/bi www.unocha.org/myanmar www.reliefweb.int